## တစ်ဆယ့်ခြောက်ချက် ကောသလအိပ်မက်

၁။ ဥသဘာ

နွားနက်ဥသဘကြီး လေးကောင်တို့သည် တစ်ကောင်နှင့် တစ်ကောင် တိုးဝှေ့ တိုက်ခိုက်ရန် ဟန်ပြင်ကြ၏။ သို့ရာတွင် တိုးဝှေ့တိုက်ခိုက်ခြင်း မပြုကြဘဲ ရှောင်လွှဲသွားကြကုန်၏။

(ဤကား အိပ်မက် အမှတ် ၁ ဖြစ်လေ၏။)

၂။ ရုက္ခာ

နုနယ် သေးငယ်လှစွာသော သစ်ပင်ချုံနွယ်တို့တွင် အပင်၏ အရွယ်နှင့်မမျှ ဖူးကြကုန်၏။ ငုံကြကုန်၏။ ပွင့်ကြကုန်၏။ သီးကြကုန်၏။

(ဤကား အိပ်မက် အမှတ် ၂ ဖြစ်လေ၏။)

၃။ ဂါဝီယော

နွားမကြီးတို့သည် ယနေ့မှ ဖွားမြင်လာကာစ နွားကလေးတို့၏ နို့ကို စို့ကြရကုန်၏။

(ဤကား အိပ်မက် အမှတ် ၃ ဖြစ်လေ၏။)



၄။ ဂဝါစ

နွားကြီးတို့ကို ဖယ်ရှားတွန်းတိုက်ကာ နွားကြီးတို့ ထမ်းဆောင်နိုင်သော လှည်းထမ်းပိုးတို့၌ နို့စို့ကာစ၊ နို့ပြတ်ကာစ နွားငယ်တို့၌ နေရာဝင်ယူကြကုန်၏။ သို့ရာတွင် ဝန်တို့ကုန်တို့ကို သယ်ပိုးထမ်းဆောင်နိုင်ခြင်း မရှိဘဲ အလဲလဲ အပြိုပြို ဖြစ်ကြကုန်၏။

(ဤကား အိပ်မက် အမှတ် ၄ ဖြစ်လေ၏။)

၅။ အဿော

မျက်နှာနှစ်ဖက်ရှိသော မြင်းတို့သည် မည်မျှကျွေးကျွေး ဝလင်ခြင်းမရှိ၊ နှစ်ဖက်သော ခံတွင်းဖြင့် အစာကို အငမ်းမရ စားကြကုန်၏။

(ဤကား အိပ်မက် အမှတ် ၅ ဖြစ်လေ၏။)

၆။ ကံသော

အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်ရွှေလင်ပန်းဖြင့် စားသောက်ရန် ခွေးအိုကို ဆောင်နှင်း၏။ ထိုခွေးက ရွှေခွက် ရွှေလင်ပန်းအတွင်း ကျင်ငယ်ကို စွန့်ထုတ်၏။

(ဤကား အိပ်မက် အမှတ် ၆ ဖြစ်လေ၏။)

၇။ သိင်္ဂါလိကာစ

အရှေ့က ကျစ်ချထားသော လွန်ကြိုးစအား အောက်၌ ရှိသော မြေခွေးမသည် ခိုးယူစားသောက်၏။

(ဤကား အိပ်မက် အမှတ် ၇ ဖြစ်လေ၏။)



၈။ ကုမ္ဘော

အိုးငယ်အပေါင်း ခြံရံလျက်ရှိသော အိုးကြီးရှိ၏။ ထိုအိုးကြီး၌ ရေအပြည့်ရှိသော်ငြား ခြံရံလျက်ရှိသော အိုးငယ်အပေါင်းတွင်မူ ရေလုံးဝမရှိ၊ ရေလောင်းထည့်သောအခါ ရေပြည့်လျှံနေသော အိုးကြီးသို့သာ လောင်းထည့်ကုန်၏။

(ဤကား အိပ်မက် အမှတ် ၈ ဖြစ်လေ၏။)

၉။ ပေါက္ခရဏီစ

ကြာမျိုးငါးမည်တို့ ကြိုင်လှိုင်စွာ ဖူးပွင့်ဝေဆာနေသော ရေကန်သာကြီး၏အလယ်၌ ရေတို့သည် နောက်ကျိလျက် ရှိ၏။

(ဤကား အိပ်မက် အမှတ် ၉ ဖြစ်လေ၏။)

၁၀။ အပါကံ

အိုးတစ်လုံးဖြင့် ထမင်းချက်၏။ ကျက်လာသည့်အခါ ထမင်းတို့မှာ တစ်ပြေးညီမဟုတ်၊ မာသည့်နေရာမာ၊ ပျော့သည့်နေရာပျော့၊ နပ်သည့်နေရာနပ်နှင့် သုံးမျိုးသုံးစား ဖြစ်နေလေ၏။

(ဤကား အိပ်မက် အမှတ် ၁၀ ဖြစ်လေ၏။)

၁၁။ စန္ဒနံ့

ဈေးပုံ့ကြိုင်လှိုင်ထုံသင်း၍ အဖိုးတစ်သိန်း ထိုက်တန်သော စန္ဒကူးနံ့သာအား ရက်တက်ပုန်းရည်တို့ဖြင့် လဲလှယ်၍ စားသောက်၏။

(ဤကား အိပ်မက် အမှတ် ၁၁ ဖြစ်လေ၏။)



၁၂။ လာဗူနိသီဒန္တိ

သံကြေးတို့ အပ်စပ်ခြင်း မရှိသော ဗူးတောင်းတို့သည် ရေတွင်ပေါ်နေရမည့်အစား နစ်မြုပ်သွားကြကုန်၏။

(ဤကား အိပ်မက် အမှတ် ၁၂ ဖြစ်လေ၏။)

၁၃။ သိလာပ္လဝန္တိ

အိမ်လုံးအရွယ် တောင်လုံးအရွယ်ရှိသော ကျောက်တုံး၊ ကျောက်ဖျာတို့သည် ရေထဲသို့ နစ်မြုပ်ရမည့်အစား ရေတွင် ပေါ်နေကြကုန်၏။

(ဤကား အိပ်မက် အမှတ် ၁၃ ဖြစ်လေ၏။)

၁၄။ မဏ္ဍူကီယော ကဏှသပ္ပေဂီလန္တိ

အဆိပ်ပြင်းထန်လှစွာသော မြွေဟောက်ကြီးများကို ဖားမငယ်တို့သည် ကိုက်ဝါး မျိုချ စားသောက်ကြကုန်၏။

၁၅။ ကာကံသုဝဏ္ဏာ ပရိဝါရယန္တိ

အဆင်းမည်းနက်လှစွာသော ကျီးအပေါင်းတို့အား ရွှေဟင်္သာများက စုဝေးခြံရံကာ စေးကြကုန်၏။

(ဤကား အိပ်မက် အမှတ် ၁၅ ဖြစ်လေ၏။)

၁၆။ တသာဝကာ ဧဠကာနံဘယာ

ကြောက်လန့်စေတတ်ကုန်သော ခြသေ့်ကျားသစ်တို့သည် ဆိတ်တို့ကို မြင်လျှင် ထိတ်လန့်စွာ ပြေးလွှားပုန်းအောင်းကြကုန်၏။

(ဤကား အိပ်မက် အမှတ် ၁၆ ဖြစ်၏။)